# ရဲသျှမ်း

## ငြိမ်းချမ်းစွာ
## ယှဉ်တွဲနေထိုင်ရအောင် နှင့်

သား ရဲဝဏ္ဏသို့ ပေးစာများ



# ကမ်းလက်များ ၊ တွဲ လက်များ

ချစ်သော သားလေး ရဲဝဏ္ဏ....

၂၀၁၃၊ မတ်လတုန်းက မိတ္ထီလာမြို့ မှာ အဓိကရုဏ်းကြီး ဖြစ်ခဲ့တယ်ဆိုတာ သားလေးမှတ်မိတယ်နော်။ အစွန်းရောက်သူတွေ ၊ နှလုံးသား မာကျောတဲ့သူတွေ ၊ နိုင်ငံရေး ညစ်ကွက် ဖန်တီးသူတွေ ကြောင့် နှစ် ဖက် လူသတ်ပွဲကြီး ဖြစ်ခဲ့တာပေါ့ သားရယ်။ အနိဋ္ဌာရုံ ဖြစ်ရပ်ကြီးတစ်ခု ဖြစ်ပီးတဲ့နောက် နောက်ဆက်တွဲ ကျန်ရစ်ခဲ့တာက အိုးမဲ့၊အိမ်မဲ့၊အနာဂတ် မဲ့သွားတဲ့သားတို့အရွယ် ကလေးတွေ ပဲပေါ့။

မြို့ ပျက်ကြီးလိုဖြစ်၊ ကျီးလန့်စာစားဘဝနဲ့ တစ်ယောက် ကို တစ်ယောက် ရန်သူလိုကြည့်၊ ယုံကြည်မှု တွေ ပျောက်ဆုံး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ခွင့် ပြို လဲသွားရတဲ့ အခြေအနေကို ရောက်သွားတာပါ သားရယ်။

ခိုကိုးရာမဲ့ ဖြစ်သွားတဲ့ မိသားစုတွေ ကို သင်တန်းကျောင်း အဆောက်အအုံတွေ မှာ ယာယီနေရာထိုင်ခင်း စီစဉ်ထားပေးပေမယ့် လူဦးရေနဲ့ နေရာက မမျှတ၊ လူမှုရေး ၊ ကျန်းမာရေး တွေ နိမ့်ကျရှုပ်ထွေးနဲ့ဆိုတော့ ရေရှည်ပူးပေါင်းနေထိုင်ဖို့ မသင့်တဲ့ အနေမထားပါ။ ဒါပေမယ့် တစ်နှစ် ပြည့်တော့မယ်နော်။

သားလေးရေ၊ လူတိုင်းဟာ ကိုယ့်အိုးကိုယ့်အိမ်နဲ့ပဲ နေချင်ကြတယ်။ တဲအိမ်လေး ဖြစ်နေဦးတော့ ကိုယ်ပိုင် ဖြစ်တဲ့အတွက် လွတ်လပ်မှု နဲ့ လုံခြုံမှု က စုပေါင်းနေထိုင်ရတာ ထက် အများ ကြီး သာပါလိမ့်မယ်။

စုပေါင်းနေထိုင်ခြင်းက အသံမျိုး စုံ၊ စကားမျိုး စုံ၊ စရိုက်မျိုး စုံ ကြားရ မြင်ရတာ ဆိုတော့ ပြဿ နာတွေ လည်း ရှိနေကြမယ် သားရဲ့ ။အထူးသဖြင့် ကလေးတွေ ရဲ့ စိတ်ဓာတ်တွေ ယိုင်လဲပြိုဆင်းသွားတာပါပဲ။

သားလေး ရဲဝဏ္ဏရေ၊ ဆင်းရဲသား မိဘက မွေးဖွားလာတဲ့ ကလေး တစ်ယောက် ဟာ မိဘကဆင်းရဲတာကို မကျေမနပ် ဖြစ်ပြီး ချမ်းသာတဲ့ မိဘကနေ

မွေးဖွားခွင့်ရချင်ပါတယ်လို့ ပြင်ဆင်ခွင့်မှမရတာ ။ သူ့လာလမ်းက ရှိပြီးသားလေ။ အဲဒါ အပြစ်မှ မဟုတ်တာ။ ဒီလိုပါပဲ သားရယ်၊ ဘာသာခြားကလေးတွေ ရဲ့ လာရာလမ်းကို ပြောင်းလဲပစ်လို့မှမ ဖြစ်နိုင်တာ။ အခုတော့ အဲဒီ့ ကလေးတွေ ခမျာ ဘာအပြစ်မှ မလုပ်ရပါလျက်နဲ့ အပြစ်သားတွေ လို ခံစားနေရတာ ပေါ့။ သူတို့မှာ မေတ္တာတရားတွေ ၊ စာနာမှု တွေ ၊ အကြင်နာတွေ လိုအပ်တယ်လို့ သားမထင်ဘူးလား။

သားလေးရေ၊ "ပေါင်းစည်းမေတ္တာ လူမှု ရေး အဖွဲ့အစည်းများ ကွန်ယက်" ဆိုတဲ့ အဖွဲ့အစည်းလေးတစ်ခုက ဒုက္ခသည်စခန်းမှာ ရှိနေတဲ့ ကလေးတွေ ရဲ့ စိတ်ဒဏ်ရာတွေ ကို ဖြေလျှော့ပေးကြတယ်လေ။ သူတို့အဖွဲ့က ကလေးတွေ ကို ပုံပြောပြတယ်။ အရုပ်တွေ ဆွဲတယ်။ ကဗျာလေးတွေ ရွတ်ပြကြတယ်။ သြော်........သားရေ ကလေးတွေ ထဲမှာ အိုးမဲ့အိမ်မဲ့ ဖြစ်သွားတဲ့ မြန်မာကလေးတွေ ပါ ပါတယ်နော်။ ဘာသာခြားတစ်ခုတည်း မဟုတ်ပါဘူး။

ကလေးတွေ ရဲ့ စိတ်ခံစားမှု တွေ ကိုလည်း "ပေါင်းစည်းမေတ္တာ လူမှု ရေး အဖွဲ့အစည်းများ ကွန်ယက် "ကအပြန်အလှန် ခံစားမှတ်တမ်းတင်ပေးခဲ့တယ်။ သူတို့လေးတွေ ရဲ့ ရင်ထဲက စကားတွေ ရုပ်ပုံလေးတွေ ကို စုစည်းပြီး စာအုပ်လေးတစ်အုပ် ထုတ်ပြီးဝေမျှကြတယ်။ စာအုပ်လေးထဲမှာ ကလေးတွေ ရဲ့ ငိုကြွေးသံတွေ ၊ မျှော်လင့်ချက်ရောင် ခြည်တွေ ၊ လိုချင်တောင့်တတဲ့ မေတ္တာအငွေ့အသက်တွေ ၊ တမ်းတတဲ့ အကြင်နာစမ်းရေတွေ ပါဝင်တာပေါ့ သားရယ်။တစ်ချို့ ကို ဖေဖေပြောပြမယ်နော်။

"သမီးကြောင်မလေး ကလေးမွေးတာ ၃ ရက်ပဲ ရှိသေးတယ်။ သမီးတို့ အိမ်ပြန်ဆောက်ရင် ကြောင်ကလေးမိသားစု ပြန်လာမှာ လား၊ သမီးကြောင်ကလေးတွေ ကို လွမ်းတယ်"ဆိုပြီး ကြောင်ပုံကလေးဆွဲထားတဲ့ သမီးလေးနာမည် က ဟန်နီဦးတဲ့။

သားငယ်လေး မင်းဇော်စိုး ကတော့ "သား ဒီမှာ မပျော်ပါ၊ အိမ်ကို ပြန်နေချင်တယ်။ သူငယ်ချင်း ဝေလင်းမောင်၊ သူရထွန်းတို့နဲ့ တွေ့ချင်တယ်" လို့ရေး ထားပြီး ကျောင်းသားလေး ၃ယောက် ပုံ ဆွဲထားတယ်လေ။

ဖေဖေ့ရင်ထဲမှာ အထိခိုက်ဆုံး ကတော့ ချမ်းမြေ့အေး ဆိုတဲ့ ၃ တန်း

သမီးငယ်လေး ရေး ထားတဲ့ စာသားလေးပါပဲ။

"သဘောကောင်းတဲ့ နိုင်ငံမှာ နေချင်ပါသည်" တဲ့လေ။

ကြည့်စမ်းပါဦး သားရယ်၊ ချမ်းမြေ့အေးဆိုတဲ့ ကလေးမလေးရဲ့ ရင်ထဲ၊ နှလုံးသားထဲမှာ မတရားမှု တွေ ၊ ရက်စက်မှု တွေ ၊ တရားဥပဒေစိုးမိုးမှု မရှိတာတွေ ၊ ဘာသာရေး အစွန်းရောက်တွေ ကြောင့် ဆူးတွေ စူးနစ်တာပါ သားရယ်။

အဲ့ဒီဆူးတွေ ကို ဖယ်ရှားပေးဖို့ ကမ်းလက်များ လိုအပ်ပါတယ်။ကမ်းလက်တွေ စုစည်းရင်း တွဲ လက်တွေ ကို ဖြုတ်ပစ်ဖို့၊ ကမ်းလက်တွေ ကို ပုတ်ချမယ့်သူတွေ ကလည်း ရှိနေတာ သားရဲ့ ။

သားလေး ရဲ၀ဏာရေ... ဒဏ်ရာအနာတရတွေ မှ မကျက်သေးချိန်၊ယုံကြည်မှု တည်ဆောက်နေဆဲ အချိန်များ ကိုပဲ အဖျက်အမှော င့်တွေ က ဝင်လာမစဲ တသဲသဲပါပဲ။ သာမန်ရာဇဝတ်မှု ကို မီးဟုန်းဟုန်းတောက်အောင် လောင်စာပက်ဖျန်းမယ့်သူတွေ က အဆင်သင့်။

လာရာလမ်းတွေ က အဓိကကျသလား၊ လားရာမှန်ဖို့က အဓိကကျသလား၊ သားလေး ဆင်ခြင်နိုင်ရောပေါ့။ ရွေးထွေးတဲ့ ကမ်းလက်တွေ အတူတကွ ချိတ်ဆက်ကြမယ်၊ တွဲ လက်တွေ နဲ့ ငြိမ်းချမ်းတဲ့ လူ့အဖွဲ့အစည်းကို တည်ဆောက်ကြရမယ်။ အဲသည်တွဲ လက်တွေ ထဲမှာ သားလေးပါပါစေ။ သူငယ်ချင်းတွေ လည်း ပါပါစေ......။

သားရဲ့ ချစ်သော ဖေဖေ....

၂၀၁၄ ဇွန်လ ၁၅။

# အတုအယောင်တွေ

ချစ်သော သားလေး ရဲဝဏ္ဏ .........

ဖေဖေ ဒီစာရေး နေချိန်မှာ ညာဘက်လက်ညှိုး ထိခိုက်ထားလို့ နာနေတယ်။ ဒါကြောင့် ဖေဖေ ဖြည်းဖြည်းချင်း ရေး နေရတယ်။ ဘာကြောင့် လက်ညှိုး ထိခိုက်တာလဲဆိုတာ သားလေး သိချင်လိမ့်မယ်။

ပြီးခဲ့တဲ့ အပတ်က ကန့်ဘလူမြို့ နယ်ထဲက မလည်မြို့ အနီးမှာ ရှိတဲ့”လေးတွင်းစဉ်” ဆိုတဲ့ ရွာကလေးကို ဟောပြောပွဲအသွား၊ ရထားစီးတော့ ပြတင်းတံခါး ပြုတ်ကျပြီး လက်ထိခိုက်သွားတာပဲ။ အဲသည်ပြတင်းတံခါး ပြုတ်ကျနိုင်တယ်ဆိုတာ ရထားစထွက်ကတည်းက တွဲ ထိန်းလေးသတိပေးလျက်နဲ့ ဖေဖေ ဖြစ်သွားတာပါ။ မွန္တလေးအဝင်မှာ ပြတင်းတံခါး ဖွင့်ရာကနေ ဖြစ်သွားတာပေါ့။

သားလေးရေ၊ ရန်ကုန်ကနေ ရထားစထွက်တော့ တွဲ ထိန်းလေးက ပြတင်းတံခါးကန့်လန့်(မင်းတုပ်) မမိတမိ ဖြစ်နေတယ်။ သတိထားပါလို့ ပြောခဲ့ပါတယ်။ ဖေဖေ စဉ်းစားမိတယ်။ ပြတင်းတံခါး အချိန်မရွေး ပြုတ်ကျနိုင်တာကို သိပါလျက်နဲ့ ဘာကြောင့် တာဝန်ရှိ တွဲ စစ်တွေ ၊ တွဲ စစ်မှူး တွေ ကို အကြောင်းမကြားတာလဲ။ သူသာအကြောင်းကြားမယ်ဆိုရင် အန္တရာယ်မ ဖြစ်အောင် ပြင်ဆင်ပေးလိုက် ကြမှာ မဟုတ်ဘူးလား။ အခုတော့ ပြင်ဆင်ပေးဖို့ မဆောင်ရွက်ဘဲ “သတိထားပါ၊ သတိထားပါ”ပြောနေတာ ကတော့ တာဝန်ကျေတယ်လို့ ဖေဖေမထင်ဘူး။ အဲသည်လိုပဲ “ သတိထားပါ” ပဲပြောနေရင်တော့ ဖေဖေ့လိုပဲ ထိခိုက်တဲ့သူတွေ ရှိလာမှာ ပဲ။ ဒါကြောင့် ဖေဖေပြန်လည်စစ်ဆေး ပြုပြင်ပေးဖို့ တွဲ အုပ်ကြီးကို အကြောင်းကြားပေးလိုက် တာနဲ့ စိတ်ချသွားရပြီပေါ့။

အဲသည်နေ့မှာ ပဲ ရထားလုံခြုံရေး လိုက်လာတဲ့ ရဲ တစ်ယောက် က “ခရီးသည်များ ကိုယ့်ပစ္စည်းကိုယ် ဂရုစိုက်ပါ။ အလစ်သုတ်သမားများ ရှိနိုင်ပါတယ်” ဆိုပြီး လိုက်သတိပေးနေပြန်တယ် သားရယ်။ ရတ်တရက်ဆိုရင်တော့ သူသတိပေးတာက

ကျေးရူးတင်စရာကြီးနော်။ ခရီးသည်တွေ ရဲ့ ပစ္စည်းတစ်ခုခုသာ အလစ်သမားနောက်ပါသွားရင် “ ကဲ......ကျွန်တော် မပြောဘူးလား” လို့ ရဲသားကြီးက ပြောနေလိမ့်မယ် ထင်တယ်။ သားရေ၊ တကယ် ဖြစ်သင့်တာက “ ခရီးသည်များ လွတ်လပ်အေးချမ်းစွာ နေပါ။ ခရီးသည်များ စိတ်ချမ်းမြေ့စွာ နေနိုင်ဖို့ ကျွန်တော် တို့ တာဝန်ယူစောင့်ရှောက်နေပါတယ် ” ဆိုတာမျိုး ပဲ ဖြစ်ရမှာ ပေါ့။

အခုတော့ သတိပေးစကားပြောပြီး တာဝန်ကျေပြီဆိုတဲ့ လုပ်ရပ်ကိုက တာဝန်မကျေတာပဲ။

သားလေး ရဲဝဏ္ဏရေ...... အမှန်တကယ် လုပ်ရမယ့် အလုပ်တွေ ကို မလုပ်ဘဲ ပါးစပ်ဖျားလေးနဲ့ တာဝန်ကျေပြနေတာကို သိစေချင်လို့ ဖေဖေပြောပြနေတာပဲ ဖြစ်တယ်။

ကိုယ့်အလုပ်ဟာ ဘာလဲဆိုတာကို သိပါလျက်နဲ့ စစ်မှန်တဲ့ အလုပ်ကို မလုပ်ပြဘဲ အတုတွေ လုပ်ပြနေတာ ကတော့ နေ့စဉ်နဲ့အမျှမတွေ့ ချင်ဆုံးပေါ့ သားရယ်။ ကျေးလက်တွေ မှာ စာကြည့်တိုက်မှာ ဖွင့်တော့ စာဖတ်ခြင်းရဲ့ အကျိုး ကျေးဇူးတွေ ကို ဖောင်လောက်အောင်ပြော၊ ဖဲကြိုး ဖြတ်ဖွင့်၊ သတင်းစာထဲမှာ ပါလာ။ တကယ်တမ်းကျတော့ စာကြည့်တိုက်ထဲမှာ စာအုပ်တွေ က ဘာမှ ဟုတ်တိပတ်တိမရှိ။ ပြည်သူလူထု စာဖတ်စေချင်ရင် စာအုပ်တွေ ကို ဖြည့်ဆည်းပေးလိုက် ပါ။ ဝယ်ပေးလိုက် ကြပါ။ အခုတော့ စာဖတ်ပါ၊ စာဖတ်ပါလို့ပဲ အော်နေကြတယ်။ စာအုပ်တွေ ကိုတော့ ဖြည့်ဆည်းမပေးကြဘူး။ လက်တွေ့မပါတဲ့ အတုတွေ ပါပဲ။

အဲသည်လို အတုတွေ ကို ဟုတ်သယောင်ယောင်၊ စေတနာထားယောင်ယောင် ထင်မှတ်ပြီး ကျေးဇူးတွေ အထပ်ထပ်တင်မိကြတာပေါ့။ နက်နက်နဲနဲ တွေးကြည့်မှသာ အတုကို အတုမှန်းမသိတော့ အထင်ကြီး လေးစားမိသွားတာတွေ လဲ ရှိနေကြတယ်လေ။

သားလေးရေ၊ ရှေးဟောင်း အမွေအနှစ် တွေ ကို ထိန်းသိမ်းရမယ်ဆိုပြီး ပုဂံရှေးဟောင်း ယဉ်ကျေးမှု နယ်မြေမှာ ရှိတဲ့ ဘုရားစေတီတွေ ကို အသစ်မွမ်းမံပြင်ဆင်ပစ်လိုက်တာ၊ ဘာပညာရှင်မှ မပါဘဲ ပန်းရန်ဆရာတွေ နဲ့

တွယ်ချလိုက်တာများ ချက်ချင်း လက်ငင်း အသစ်တွေ ဖြစ်ကုန်ရော။ အဲသည်လိုပဲ တောင်တွင်းကြီး ဗိသု နိုးမြို့ ဟောင်းက အုတ်ရိုးတွေ ကိုလည်း အင်္ဂတေတွေ ကိုင်ပစ်လိုက်တယ်လေ။ ပုဂံမှာ ဘုရားနံ့ပါတ် ဘယ်လောက်ကို ဘယ်အလှူ့ရှင်၊ ဘယ်ဝန်ကြီးဌာနက ပြင် ဆိုပြီး ပျက်နေတဲ့ ဘုရားတွေ ကို အလုအယက် ပြင်လိုက်ကြတယ်။ ရုတ်တရက် ကြည့်ရင်တော့ ကျေးဇူးတင်ထိုက်စရာကြီးပေ့ါကွယ်၊ အသေအချာ စဉ်းစားကြည့်တော့ အတုတွေ ပဲ။ ပြည်သူတွေ ရဲ့ နှလုံးသည်းပွတ်ကို ဆွဲကိုင်လှုပ်ယမ်းပြတဲ့ ချစ်ခြင်းအတု၊ စေတနာအတုတွေ ပေ့ါ။ ပြယုဂ်အတုတွေ ပဲ ဖြစ်တယ်လေ။

ဖေဖေတို့ တစ်မျိုး သားလုံးရဲ့ အမွေအနှစ် တွေ ကို ထိန်းသိမ်းရမှာ ၊ ပညာရှင်တွေ နဲ့ ဆောင်ရွက်ရမှာ ။ ဒါပေမယ့် ပညာရှင်တွေ ဘေးဖယ်ပြီး လုပ်ချင်ရာ လုပ်သွားကြတာ။ ပြီးတော့ ငါတို့ ဒါတွေ လုပ်ပြလိုက်တာ။ ရှေးဟောင်းအမွေအနှစ် ကို မြတ်နိုးလွန်းလို့ ဆိုပြီး အသံကောင်း ဟစ်ကြွေးလိုက်တာပေ့ါ။ သာမန်ဆိုရင်တော့ အဟုတ်ထင်မှတ် အထင်ကြီးစရာပါ။ ဒါပေမယ့် တကယ်လုပ်ရမှာ ကို မလုပ်ဘဲ အတုအယောင်တွေ လုပ်သွားကြတာ။ နောက်ဆုံးတော့ အမွေအနှစ် တွေ ပျက်စီးသွားတာပဲ ဖြစ်တယ် သားရေ။

သားလေးရေ........ အတု၊ အစစ် ခွဲခြားတတ်ဖို့ ပါးစပ်ဖျားလေးနဲ့ တာဝန်ကျေပြတာတွေ ကို နားလည်ဖို့ အတွေးကို ဆွဲဆန့်ထားပါ။ သာမန်အသိလောက်နဲ့ဆိုရင် ထင်ယောင်ထင်မှားတွေ ဖြစ်တတ်တယ်။ အထင်ကြီးလေးစားသွားတတ်တယ်။ မင်းသားခေါင်းစွပ်ထားတဲ့ ဘီလူးကို မင်းသားလို့ ထင်သွားတတ်တယ်။ လက်တွေ့မပါဘဲ လှည့်ဖြားတတ်တဲ့ စကားတွေ နောက် နားယောင်တတ်တယ်။ ဒါကြောင့် အရာရာကို ချင့်ချိန်ပါ။ အတွေးကို ဖြန့်ပါ။ ဆင်ခြင်ဉာဏ်သုံးပြီး လက်ခံသင့်တာ လက်ခံပါ၊ ပယ်သင့်တာ ပယ်ပါ။

ကဲ သားလေးရေ ...... ဖေဖေ ပြောတာတွေ ကို သူငယ်ချင်းတွေ ကို လက်ဆင့်ကမ်းပါဦး။ အတုအယောင်တွေ ကို ခွဲခြားနိုင်ဖို့လည်း ပြောပြပါနော်။

သားရဲ့ ချစ်သော ဖေဖေ.....

# အမှား တွေ ထဲ မနစ်မွန်းစေချင်

ချစ်သော သားလေး ရဲဝဏ္ဏ..........

မနေ့က ဖေဖေ့ရုံးဖုန်းကို ခရီးသွားကုမ္ပဏီတစ်ခုရဲ့ ဝန်ထမ်းကလေးမ တစ်ယောက် က သူ သိချင်တာတွေ ကို ဖုန်းဆက်မေးတယ်။

ဘာကို မေးလဲဆိုတော့ ....

“ ဟဲလို ..... Railways Station ကလားရှင်၊ သမီး တစ်ခုလောက် Enquiry လုပ်ချင်လို့ပါ၊ Mandalay train ticket က Foreigner ဆို ဘယ်လောက်ပါလဲ ”တဲ့။

သားရေ .... ဘူတာရုံ စုံစမ်း၊ မန္တလေး ရထားလက်မှတ်၊ နိုင်ငံခြားသားလို့ ပြောရင်ရပါလျက် ( မလိုမအပ်ဘဲနဲ့ ) အင်္ဂလိပ်စာလုံးတွေ ညှပ်ပြောတော့ ဖေဖေ တော် တော်လေး စိတ်ပျက်သွားတယ်။ ဒါနဲ့ “ သမီး ဘာ ဖြစ်လို့ ဒါမျိုး ပြောရတာ လဲ၊ မြန်မာဝေါဟာရ မရှိလို့လား ” လို့မေးတော့

“ သမီးတို့က Foreigner တွေ နဲ့ ဆက်ဆံနေတာကြောင့် အကျင့်ပါနေတာပါ ” တဲ့။ ကောင်းရော ...။နိုင်ငံခြားသားနဲ့ ပြောဖန်များ လို့ မြန်မာဝေါဟာရတွေ မေ့ကုန်တာတော့ မဟုတ်လောက်ဘူးထင်တာပဲ။ တမင်စတန့်ထွင်ပြောနေကြတာဆိုရင်တော့ အတော့် ကို မှားတဲ့ အလေ့အထလို့ ပြောချင်တယ်။

နောက်ရှိသေးတယ် သားရဲ့ ၊ လူမှု ကွန်ယက်လို့ခေါ်တဲ့ ဖေ့(စ် )ဘွတ်တွေ မှာ မြန်မာစကားကို အင်္ဂလိပ်အက္ခရာတွေ နဲ့ ရေး ကြတာလေ။ “bar lote ne lai ” ဆိုတာက “ ဘာလုပ်နေလဲ ” လို့ ပြောတာတဲ့။ “ pyin te kwar ” က “ ပျင်းတယ်ကွာ ” တဲ့။ စိတ်ပျက်စရာ ကောင်းလိုက်တာ သားရယ်။ အင်္ဂလိပ်စာ အခြေခံလောက်မှ မတတ်တော့ အပြုအမူတွေ ကိုက အနိမ့်စား ဖြစ်ကုန်ကြတာပေါ့။

သားလေး ရဲဝဏ္ဏရေ.......

ဖုန်းတွေ မှာ မြန်မာဖောင့်တွေ ထည့်လို့ ရလာကြတော့ တစ်ဦးနဲ့ တစ်ဦး အပြန်အလှန် ရေး တဲ့စာ၊ ဖေ့(စ်)ဘွတ်တွေ မှာ တင်တဲ့စာတွေ ကလည်း သတ်ပုံသတ်ညွှန်းတွေ အလွဲလွဲ အချော်ချော်နဲ့ မြန်မာစာအရေး အသားက ဖြစ်ချင်တိုင်းကို ဖြစ်ချင်တိုင်းကို ဖြစ်နေတော့တာပဲ။ အထူးသဖြင့် ပါဌ်ဆင့်၊ ထပ်ဆင့်တွေ ကို အလွဲလွဲ အချော်ချော် သုံးနေကြတာကို တွေ့ရတာ ပဲ။

မြန်မာစာမှာ ဗျည်း ၃၃လုံး ရှိတာ သားလေး သိပြီးသား၊ အဲဒီ့ ဗျည်း ၃၃ လုံးက သူ့အုပ်စုနဲ့သူ ရှိကြတယ် သားရဲ့။ အုပ်စု(၁)မှာ "က၊ ခ၊ ဂ၊ ဃ၊ င၊ "(၂)မှာ "စ၊ ဆ၊ ဇ၊ ဈ၊ ည၊ "(၃)မှာ "ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ၊" (၄)မှာ "တ၊ ထ၊ ဒ၊ ဓ၊ န၊ " (၅)မှာ "ပ၊ ဖ၊ ဗ၊ ဘ၊ မ၊ " တို့ပါဝင်ကြပါတယ်။ အုပ်စုရဲ့ အစစာလုံးတွေ က "အဖို" ဖြစ်ပြီး ကပ်လျက်က "အမ"၊ နောက် "အဖို" လို့ခေါ်တယ်။

ဥပမာကွာ.. "က၊ ခ၊ ဂ၊ ဃ၊ င၊ " မှာ "က" အဖို ၊ "ခ" အမ၊ "ဂ" အဖို၊ "ဃ" အမ၊ "င" အဖိုပေါ့ သားရယ်။ အဖို အမ ခွဲခြားတတ်ပြီနော်။ အုပ်စုထဲမှာ မပါဝင်တဲ့ "ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ ဠ၊ အ" ဆိုတဲ့ ဗျည်းရှစ်လုံး ကတော့အဖိုလည်းမဟုတ်၊ အမလည်းဟုတ်ဘူး။ နပုံးဗျည်းလို့ခေါ်တယ် သားရဲ့။ ဖေဖေ အဖို၊ အမ ဘာလို့ ခွဲခြားပြနေတာလဲဆိုတော့ ပါဌ်ဆင့်ရေး တဲ့အခါ မှန်အောင်ရေး တတ်ဖို့ အတွက်ပဲ။ သားလေးရေ.....ပါဌ်ဆင့်တွေ ရေး တဲ့အခါ အဖိုအဖိုချင်း ထပ်လို့ရတယ်။ ဥပမာ "ဆန္ဒ"၊ "န" ရော "ဒ"ရော အဖို၊ အဖိုနဲ့ အမထပ်လို့လည်းရတယ်။ ဥပမာ "တစ္ဆေ" ဆိုပါတော့ကွာ။ "စ" ကအဖို၊ "ဆ"က အမလေ၊ အမ အမချင်းတော့ ထပ်လို့မရဘူးနော်။ နောက်ပြီး အမကအပေါ် အဖိုကအောက်လည်း မရှိဘူး၊ "ဝတ္ထု" ကို "ဝထ္တု"၊ "ဗုဒ္ဓ" ကို "ဗုဓ္ဒ" လို့ မရေး ရဘူး။ အခုတော့ အဲသည်လို အရေး အသားတွေ အင်တာနက် စာမျက်နှာတွေ မှာ တွေ့နေရတော့ အမှား တွေ ကနေ အမှန်လို့ ယူဆသွားမှာ ကို စိုးရိမ်လွန်းလို့ သားကို ရှင်းပြနေတာ။

သားလေး ရဲ့ဝတ္ထုရေ၊ စောစောက နပုံးဗျည်း ဖြစ်တဲ့ "ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ ဠ၊ အ" တို့က အဖိုလည်းမဟုတ်၊ အမလည်းမဟုတ်တဲ့ အတွက် အထက်၊ အောက် သတ်မှတ်ချက် မရှိဘူးလေ။ ဥပမာ "ဒုလ္လဘ" ပေါ့။

နောက်တစ်ခု မှတ်ပါဦးကွယ်၊ ပါဒဆင့်ရေး တဲ့အခါ ဒုတိယအသံက အောက်ဆင့်ဗျည်းရဲ့ အသံပဲ ထွက်တယ်။ ဝတ္ထုဆိုရင် အောက်ကဗျည်း ဖြစ်တဲ့ “ ထ ” အသံ “ ထု ” ထွက်တယ်လေ။ “ အွန္တရာယ် ” ဆိုပါစို့။ အထက်ဗျည်း ဖြစ်တဲ့ “ န ” သံမဟုတ်ဘဲ အောက်က “ တ ” ဗျည်း “ တ ”အသံ ထွက်တာပေ့ါ။ ရှင်းပါတယ်နော်။

သားရေ၊ ဖေဖေက သူ့စည်းကမ်းနဲ့အညီ ရေး ရတဲ့ မြန်မာစာကို စည်းလွတ်ဘောင်လွတ် ရေး တာတွေ မနှစ် မြို့ လို့ ပြောနေရသလို အဓိပ္ပာယ်မဲ့ စကားတွေ ပြောနေတာကိုလည်း သတိပေးချင်သေးတယ်။ အခုတလော သားတို့အရွယ်တွေ ပြောနေကြတဲ့ စကား၊ “ သွားရဦးမယ် ” ကို “ သွားကဦးမယ် ”၊ “ မလုပ်ရဘူး ” ကို “မလုပ်ကဘူး ” ဆိုတာတွေ ပဲ။ “ မလုပ်ကဘူး ” ဆိုပြီး “ ရ ” နေရာကို “ က ” ထည့်ပြောနေကြတာလေ။ ကြာရင် အလေ့အထ ဖြစ်သွားမှာ ကို စိုးရိမ်တယ်။ မှာ းနေတာကို မပြင်ရင် တစ်ယောက် က တစ်ရာ၊ တစ်ရာက တစ်ထောင် ဖြစ်သွားလိမ့်မယ်။

မြောက်မြားစွာ ပြောနေကြတဲ့ အမှာ းတွေ ထဲက အပို “ ယရစ် ” ထည့်ပြောတဲ့ အမှာ းတွေ ကတော့ အမှန်လို့တောင် ထင်နေကြပြီ။ ဆရာတွေ ၊ ဆရာမ တွေ ၊ လူကြီးတွေ ကိုယ်တိုင် ပြောနေကြတာ သားရဲ့ ။ “ ပညာ ” ကို “ ပြင်ညာ ” တဲ့၊ “ ဟေတုပစ္စယော ” ကို “ ဟေတုပြစ္စယော ”တဲ့။ “ မေတ္တာ ” ကို “ မြစ်တာ ” လို့ အသံထွက်နေကြတာလေ။

သားလေးလည်း အဲသည်လို နားရည်ဝပြီး အမှန်ထင်နေတယ် မဟုတ်လား။ “ ပဉ်ညာ ”၊“ ဟေတုပစ်စယော”၊ “ မစ်တာ ” လို့ အသံထွက်မှ မှန်တယ်။ အမှာ းတွေ ကို တွေ ့ရင်၊ သိရင် အမှန်ကို ပြင်ရမှာ ပေ့ါ။

သားလေး ရဲဝတ္ထုရေ၊ “ School ကို မသွားခင် Son ကို Money ပေးပါဦး ” တို့၊ စာရေး တဲ့အခါ ကမ္ဘာမှာ မရှိတဲ့ ရေး နည်းနဲ့ ရေး တာတို့၊ “ မိတ္တီလာ ”ကို “ မိတ္တီလာ ” ရေး တာတို့၊ “ ကျောင်းသွားကဦးမယ် ” လို့ ပြောတာမျိုး တွေ ဟာ စိတ်ပျက်စရာကောင်းတဲ့ အမှာ းတွေ ဆိုတာကို သားလေး သိပြီဆိုရင် ဘယ်တော့မှ မလုပ်မိပါစေနဲ့။

သားသူငယ်ချင်းတွေ ထဲမှာ ဒီအမှာ းတွေ ကို ကျူး လွန်နေတယ်ဆိုရင်

သားလေးက ပြင်ပေးလိုက် ပါဦးနော်။ အမှား တွေ ထဲမှာ နစ်မွန်းမနေဖို့ ကြိုး စားရလိမ့်မယ်။ သူငယ်ချင်းတွေ ကိုလည်း ဖေဖေပြောတာတွေ ကို မျှဝေလိုက်ပါဦးကွယ်။

သားရဲ့ ချစ်သော ဖေဖေ ....

၂၀၁၅၊ ဇူလိုင်လ၊ ၃။